**PEOPLLE DEFENSE FORCE**
**DEMOSO**

# ဝမ်းနည်းကြောင်းသဝဏ်လွှာ

**စာအမှတ် ၀၀၂/၂၀၂၂**

ရက်စွဲ။ ။၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ၊(၃)ရက်

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့၊ ငွေတောင်ဆည်အနီးတွင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ကို မိမိတို့ပြည်သူ့ကာကွယ်ရေးတပ်နှင့် မဟာမိတ်ပူးပေါင်းတပ်အပါအဝင် အခြားသောတော်လှန်ရေးတပ်များ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ(၂)နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲတွင်း မဟာမိတ်တပ်ဖြစ်သည့် ပြည်သူ့ကာကွယ်ရေးတပ်-လွိုင်ကော်(LK-PDF)တပ်ဖွဲ့ဝင်တစ်ဦးသည် ပြည်သူလူထုအတွက် အသက်ပေးကာကွယ်သွားခဲ့ကြောင်းသိရှိရပါသည်။ ထို့ကြောင့်မိမိတို့ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို(DMO-PDF) အနေဖြင့် အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဖက်ဒရယ်ဒီမိုကရေစီအတွက် တိုက်ပွဲတွင် အသက်ပေးကာကွယ်သွားခဲ့သော ပြည်သူ့ကာကွယ်ရေးတပ်-လွိုင်ကော်(LK-PDF)ရဲဘော်တစ်ဦးသည် ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို(DMO-PDF)တပ်ဖွဲ့အနေဖြင့် ကျန်ရစ်သောမိသားစုဝင်များ၊ ပြည်သူ့ကာကွယ်ရေးတပ်-လွိုင်ကော်(LK-PDF)တပ်ဖွဲ့ဝင်များနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရကြောင်းနှင့် အသက်ပေးသွားခဲ့သော ပြည်သူ့ရဲဘော်တစ်ဦးအား သူရဲကောင်းအဖြစ် အလေးနီပြုမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ရပ်တန့်စေရေးအတွက် ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို့(DMO-PDF)မှ စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီ ပန်းတိုင်ရောက်အောင် အစွမ်းကုန် ကြိုးစားတိုက်ထုတ်သွားမည်ဖြစ်ပြီး ကျဆုံးသွားသောရဲဘော်များအား ကတိသစ္စာပြုပါသည်။

ပုံ
(အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်)
ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို